www.burmeseclassic.com

# စံပယ်ဦး

ခင်လတ်

ရာသီက မိုးကုန်လုပြီဖြစ်၍ ဆောင်းဦးသို့ ဝင်စပြုလေပြီ။

ဆောင်းဦး၏ ရှေ့တော်ပြေးဖြစ်ကြသော လေရူးများသည် တသုန်သုန် တိုက်ခတ်နေလျက် စံပယ်ပွင့်ဦးကလေးများလည်း ရွှင်လန်းတင့်တယ်စွာ ပွင့်ဖူးကြပြီဟု ကဗျာဆန်ဆန် စိတ်ကူးယဉ်တတ်သော စံပယ်၏ စာများတွင် ဤသို့ ပါလာလေသည်။

စံပယ်ဦး၏ အပွင့်အဖူးကလေးများအကြောင်းကို ရှင်းပြရာတွင် ဆယ့်နှစ်ရာသီပတ်လုံး ဖူးပွင့်ခဲ့ကြသော စံပယ်ပန်းများအနက် မိုးအကုန်ဆောင်းအကူးတွင် ပွင့်ဖူးရသော စံပယ်ဦးများက မွှေးကြိုင်သင်းပျံ့သောရနံ့နှင့် ဖြူဖွေးရှင်းလင်းသော အသွေးရှိကာ ပြန့်ကားအောင်မြင်စွာ ပွင့်တတ်ကြသည်ဟုလည်း ပါလာလေသည်။

ကြမ်းတမ်းရက်စက်သော မိုးရာသီ၏ ဒဏ်ဆိုးဒဏ်ချက်များအောက်တွင် ပွင့်ဖူးခဲ့ရသော စံပယ်ပွင့်ကလေးများနှင့် ပူပြင်းခြောက်သွေ့၍ ငြီးငွေ့ပျင်းရိဖွယ်ကောင်းသော နွေရာသီ၏ ဖုန်မှုန့်များအကြားတွင် ဝင့်ကြွားချင်တိုင်း မကြွားမဝင့် ပွင့်ခဲ့ရသော စံပယ်ပန်းကလေးများထက် ဆောင်းရာသီဝင်စတွင် ဖူးပွင့်ရသော စံပယ်ဦးကလေးများက ပိုမိုနှစ်သက်ချစ်ခင်ဖွယ်ကောင်းသည်ဟု စိတ်ပါလက်ပါ ရေးထားခဲ့လေသည်။

* * *

ကိုတင်ဦးက အိပ်ဆဲစီယာရုံအနီးရှိ စာအုပ်ဆိုင်ရှေ့တွင် ရပ်၍ငေးနေရာက လမ်းမဘက်သို့ ကျော်၍ကြည့်လိုက်မိပြန်သည်။

မှိုင်း၍အုံ့နေသော မိုးကောင်းကင်အောက်မှ ပိန်းပိတ်နက်မှောင်နေသော ကတ္တရာစေးလမ်းမကြီးပေါ်တွင် ဝင်လုဆဲ နေရောင်က အားနည်းစွာ ထိုးကျလျက်ရှိသော်လည်း ရုပ်ရှင်ရုံများနှင့် လမ်းမပေါ်ရှိ ဓာတ်တိုင်များမှ မီးရောင်များအောက်တွင် နစ်မြုပ်ပျောက်ကွယ်နေလေသည်။

လမ်းမကြီးအတိုင်း မောင်းဝင်လာသောကားများက မပြတ်နိုင်သဖြင့် ပလက်ဖောင်းအလယ်တွင် ရပ်စောင့်နေကြသော ခြေကျင်လူသိုက်များအား ကိုတင်ဦးက ပိုမိုစူးစိုက်စွာ ကြည့်နေမိသည်။

အဖြူရောင်အကျီ၊ အဝါရောင်နှင့် အနီနှင့်အပြာ ရောယှက်ဖော်ထားသော ပန်းပွင့်ထဘီများ၊ အစိမ်းခံအကွက်ကျဲ ချောကလက်ရောင်ထဘီများနှင့် မိန်းမပျိုများကို ခပ်များများ တွေ့နိုင်လေသည်။

ကိုတင်ဦး၏ မျက်လုံးများသည် ထိုနေရာမှ ပြောင်း၍ ရုပ်ရှင်ရုံရှေ့သို့ ထိုးဆိုက်လာသော ကားများဆီသို့ ရောက်သွားလေသည်။ နာရီကလည်း ခြောက်နာရီထိုးရန် ငါးမိနစ်ကို ပြနေလေသည်။ ကိုတင်ဦးက မျှော်လင့်ကြီးစွာ စောင့်နေရင်း သူ့ရင်ကခုန်ကာ သူ့စိတ်က လှုပ်ရှားနေသည်။ ရုပ်ရှင်ရုံရှေ့ လမ်းမပေါ်ရှိ သွားလာလှုပ်ရှားလျက်ရှိသော လူများကိုကြည့်ရင်း အလိုလို မောလာသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကိုတင်ဦး စံပယ်
ခေတ်ဆန်းမဂ္ဂဇင်းတိုက် မင်းလမ်း
ရန်ကုန်၊ သထုံ။

ကိုတင်ဦးရဲ့ ပြန်စာကို ရပါတယ်လေ။ စံပယ်က လည်း မမြင်ဘူးသေးတဲ့ ကိုတင်ဦးကို တွေ့ချင်နေပါပြီ။

ကိုတင်ဦးအလုပ်အတွက် စိတ်မချမ်းသာဘူးဆိုတာကို သိရလို့ စံပယ် စိတ်မကောင်းဖြစ်မိတယ်။

ပတ်ဝန်းကျင်ကို အရှုံးမပေးချင်စမ်းပါနဲ့ ကိုတင်ဦးရယ်။ ပြီးတော့ ကိုတင်ဦးအတွက် ကျောထောက်နောက်ခံအဖြစ် တတ်စွမ်းသမျှ အကူအညီပေးမယ့် စံပယ်လည်း ရောက်လာတော့မယ် မဟုတ်လား။

မြန်မြန်လာစမ်းပါဆိုတဲ့အတိုင်း စံပယ်ခရီးထွက်ခဲ့ဖို့ စီစဉ်နေပါပြီ။ ဒါပေမဲ့ သည်ရက်တွေမှာ ကိုတင်ဦး အလုပ်များနေမှာမို့ စံပယ် ရန်ကုန်ကိုရောက်မယ့်နေ့ကိုတော့ မရေးလိုက်တော့ဘူးနော်။

ကိုတင်ဦးနဲ့ တွေ့ကြဖို့ကတော့ အောက်တိုဘာ ၁၄ ရက်၊ ခြောက်နာရီခွဲ အိပ်ဆဲစီယာရုံရှေ့မှာ တွေ့ကြပြီး တစ်ခုခုစားရင်း စကားပြောကြတာပေါ့။

အဲဒီနေ့မှာ စံပယ့်ကို ကိုတင်ဦးသိနိုင်အောင် စံပယ်ပန်းအခိုင်တွေ ပန်လာခဲ့ပါ့မယ်။

ကိုတင်ဦးနဲ့ တွေ့ကြရတော့မှာမို့ စာရှည်ရှည်မရေးတော့ပါဘူးနော်။

ကိုတင်ဦး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းပါစေ။

သင့်....

စံပယ်။

(၁၀–၉–၅၀)

စံပယ်က သူ့ဆီကို ရောက်လာတော့မည်။ အားထား မှီခိုရာကို ပင်ပန်းကြီးစွာ ရှာဖွေနေရသော သူ့အတွက် ငြိမ်းငွေ့စိတ်ပျက်ဖွယ်ရာ ဆိုးဝါးလှသော ဘဝဆိုးကြီးကို လွတ်မြောက်ရန် စံပယ်က ရောက်လာပေတော့မည်။

ခေတ်ဆန်းမဂ္ဂဇင်းတိုက်ရှင်ကိုတင်ဦး (သို့မဟုတ်) စာရေးဆရာ မဋ္ဌူ... သူသည် ရန်ကုန် မက်သဒစ် ၉ တန်းတွင် ပညာသင်နေဆဲ အသက်ဆယ့်ရှစ်နှစ်အရောက်တွင် ဂျပန်စစ်ကြေညာသဖြင့် သထုံသို့ပြန်သွားရသည်။ စစ်အတွင်း ဂျပန်ခေတ်တစ်လျှောက်တွင် ဖခင်ကြီး၏ ကုန်သည်လုပ်ငန်းတွင် ကူညီလုပ်ပေးခဲ့ပြီး ၁၉၄၅ ခုနှစ် ဂျပန်လက်နက်ချကြောင်း ကြေညာလိုက်လျှင်ပင် ဖခင်ကြီးထံမှ ခွင့်တောင်း၍ ငွေတစ်ထောင်ပိုက်ကာ မိဘနှစ်ပါးနှင့် မောင်ညီမလေးများကို ခွဲခွာလာခဲ့လေသည်။

ဖခင်ကြီးက ကိုတင်ဦးအား အလုပ်တွင် ဦးစီးနိုင်ရန် အားကိုးသဖြင့် ရန်ကုန်သို့ကျောင်းအိပ်ကျောင်းစားပို့ခဲ့၍ အတူနေ အတူစားခဲ့သော ကျောင်းသားကြီးများ၏ စာဖတ်သည့် အလေ့အထကို ရထားလေကာ ထိုကျောင်းသားကြီးထံမှ စာအုပ်စာတန်းများကို အကုန်အစင် ဖတ်ရှု၍ အားမရနိုင်တော့ဘဲ ကျောင်းနှင့်ကပ်လျက်တွင်ရှိသော ဝိုင်အမ်စီအေအသင်း စာကြည့်ဆောင်တွင် သွား၍ဖတ်နေတတ်လေသည်။

ဂျပန်ခေတ်အတွင်း ကုန်သည်အလုပ်နှင့် နေရစဉ်သွားလေရာသို့ စာအုပ်သေတ္တာများ ယူလေ့ရှိသဖြင့် ဖခင်ကြီး၏ ကြိမ်းမောင်းခြင်းကို ခံခဲ့ရလေသည်။ စစ်အတွင်း စက္ကူပြါးရှားချိန်တွင် ထုတ်ဝေရသော ဂျာနယ်၊ မဂ္ဂဇင်းများကို အားပါးတရ နှစ်နှစ်ခြိုက်ခြိုက် ဖတ်ရှုတတ်ပြီး စာဖတ်ခြင်းမျိုးစေ့မှ ပေါက်ဖွားခဲ့သော စာရေးချင်စိတ်ပါ ယိုဖိတ်လာလေတော့သည်။

ထိုခေတ်က ပူပူနွေးနွေးတည်ထောင်လိုက်သော စာရေးဆရာအသင်းသို့ နယ်အသင်းဝင်အဖြစ် ဝင်ထားကာ စာဖတ်ခြင်းမှ စာရေးချင်စိတ် စာရေးဆရာဖြစ်လိုစိတ်များအကြားတွင် တစ်ခုသော ရည်ရွယ်ချက် ပေါ်ပေါက်၍လာလေတော့သည်။

'စစ်ပြီးရင် မဂ္ဂဇင်းတစ်စောင် ထုတ်မယ်' ဟူသော ရည်ရွယ်ချက်ဖြင့် ကြားဖူးနားဝရှိသော မဂ္ဂဇင်းရိုက်နိုင်ရန် စက္ကူများကို မန့်ဖိုးထံမှ စုဆောင်းဝယ်ယူထား၍ ဖခင်ကြီးသိလျှင် ပြင်းပြင်းထန်ထန် ကန့်ကွက်မည်စိုးသဖြင့် အိမ်သားများကို လုံးဝအသိမပေးဘဲ ဝယ်ရသမျှစက္ကူများကို မိတ်ဆွေတစ်ဦးအိမ်တွင် ထားရလေသည်။

၁၉၄၅ ခုနှစ်ကုန်လောက်တွင် မဂ္ဂဇင်းထုတ်ခွင့်လျှောက်ထားသော အမိန့်စာကျလာလေသည်။ ရုံးတွင်အမိန့်တင်ထားစဉ်ကပင် နာမည်ကြီးစာရေးဆရာများထံမှ စာမူများကို ငွေပေး၍ စုဆောင်းဝယ်ယူထားခဲ့သဖြင့် မဂ္ဂဇင်း ထုတ်ခွင့်ရသောအခါတွင် ငွေအနည်းငယ်သာ ကျန်တော့သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိုတင်ဦး၏ နိမ့်ချရိုသေတတ်ခြင်းကြောင့် စာမူတောင်းရင်းပင် စာရေးဆရာကြီးများနှင့် ရင်းနှီးခင်မင်ခဲ့ရာ ထိုသူတို့၏ ကူညီညွှန်ကြားချက်ကြောင့် စာစီခ၊ စက်ရိုက်ခများနှင့် စာအုပ်ချုပ်ရန်အတွက် ပေးရန်ငွေလိုနေရာ ထိုအခက်အခဲများကို ကြွေးအဖြစ် ဆိုင်းထားခြင်းဖြင့် လွယ်ကူစွာ လွတ်မြောက်ခဲ့လေသည်။

ပူပင်တတ်သော မိခင်ကြီးက တားမရ၍သာ လွှတ်လိုက်ရသောသားအတွက် စိုးရိမ်စိတ်မကင်းသဖြင့် မှာကြားလိုက်သည့်အတိုင်း ကြည့်မြင်တိုင်ရှိ အဒေါ်အိမ်တွင် နေရသဖြင့် နေ့စဉ် စက်ဘီးတစ်စီးနှင့် ၅၁ လမ်း အလုပ်တိုက်ရှိရာသို့ ဆင်းခဲ့ရသည်။ ၅၁ လမ်းမှ စီပြီးသားဖောင်များကို စက်ဘီးပေါ်တင်၍ ရေကျော်လမ်းသို့ ယူလာရလေသည်။ စက်ရိုက်ခ လက်ငင်းမပေးနိုင်သဖြင့် ယုံကြည်လေးစားခြင်းမရှိဘဲ ငွေလက်ငင်းရသောအလုပ်များ များလျှင် များသလို မဂ္ဂဇင်းဖောင်ကို တစ်ဝက်တစ်ပျက်နှင့် ချထားတတ်သောကြောင့် စက်သမားအားချော့ရန် ငွေမတ်စေ့တစ်စေ့ကို အမြဲဆောင်ထားရသည်။ ငွေအလွန်ကျပ်နေလျှင် ကိုတင်ဦးက သူ့အတွက် လက်ဖက်ရည်ဖိုးမထားတော့ဘဲ စက်သမားကိုသာပေးလိုက်ပြီး စက်ဘီးကို သုတ်သုတ်နင်း၍ ကြည့်မြင်တိုင်ကို ပြေးရသည်။ မည်မျှပင် ဒုက္ခတွေ့ကြုံနေရသော်လည်း ရိုက်ပြီးသား မဂ္ဂဇင်းဖောင်များ တစ်ရွက်ထက်တစ်ရွက် ပိုမိုများလာသည်ကို ကြည့်ရင်း အဆာပြေသော ကိုတင်ဦးက သူ့ဘဝကိုသူ ကျေနပ်နေခဲ့ပေသည်။

သည်ဒုက္ခတွေ ကြားမှပင် ၄၂ လမ်းတိုက်နှစ်တိုက်အကြားရှိ ပေအဝက်ခန့်ကျယ်သော မြေနေရာကို ငှား၍ တဲတန်းနောက်မီးရှည်ကြီးထိုးကာ ကိုယ်ပိုင်စာစီခုံနှင့် စက်တစ်လုံး ဝယ်ရိုက်နိုင်သော အခြေသို့ရောက်လာခဲ့လေသည်။

၁၉၄၉ ခုနှစ်တွင် မဂ္ဂဇင်းစောင်ရေ ရှစ်ထောင်အထိ တိုးခဲ့သလောက် ကိုတင်ဦးတွင်လည်း ကူညီမည့်အလုပ်ဖော် ၃-၄ ယောက် ရှိလာခဲ့လေသည်။

ကိုတင်ဦးက သူ၏ဘဝကို ဇယားချ၍ စစ်ဆေးကြည့်သည်။

၁၉၄၅ ခု၊ လမ်းစပေါ်၍ အခက်အခဲပေါင်းများစွာ ရှိသည်။

၁၉၄၆ ခု၊ ရရှိပြီး လမ်းစပင်ပျောက်ကွယ် ဆုံးရှုံးလက်လွှတ်ရလောက်အောင် ဖြစ်ရသည်။

၁၉၄၇ ခု၊ မဂ္ဂဇင်း အရှိန်ရနေ၍ အခက်အခဲပေါင်းများစွာ ရှိသေးသည်။

၁၉၄၈ ခု၊ စိတ်ညစ်ညူးစွာ မကျေမနပ်ဖြင့် အလုပ်တာဝန်များအကြားတွင် ရှိနေရသည်။

၁၉၄၉ ခုနှစ် အလယ်လောက်တွင်ကား သူ၏ဘဝအတွက် ကျေနပ်နှစ်သိမ့်ဖွယ်ရာအကြောင်း ပေါ်လာခဲ့လေသည်။

ဖခင်ကြီးအပြင်းအထန် မမာနေကြောင်း စာရောက်လာသောကြောင့် သထုံသို့ ခေတ္တပြန်ရန် စီစဉ်ရသည်။

ငါးနှစ်ကျော်ကျော် ကွဲနေသဖြင့် ပြန်လည်တွေ့ဆုံသောအခါတွင် အငယ်ဆုံး ညီမကလေးကိုပင် ရုတ်တရက် မမှတ်မိနိုင်အောင် ဖြစ်နေသည်။

မျက်ရည်စမ်းစမ်းနှင့် ဆီးကြိုသော မိခင်ကြီးအား ကျေနပ်နှစ်သိမ့်ပေးပြီး အိပ်ရာတွင်လဲနေသော ဖခင်ကြီးထံ သွားကြည့်ရသည်။

အချစ်ဆုံး၊ အားအကိုးဆုံး သားဖြစ်သူက မိဘနှစ်ပါး၏ စီးပွားရေးနှင့် မိဘများကို စွန့်ပစ်သွားခဲ့သောကြောင့် စိတ်နာနေသော ဖခင်ကြီးက သားဖြစ်သူက ယုယကြင်နာစွာ ဝေယျာဝစ္စများ လုပ်ကိုင်ပေး၍ ဂရုတစိုက်ပြုစုခြင်းကြောင့် ရောဂါမသက်သာသေးသော်လည်း စိတ်မှာမူ ပေါ့ပါးရွှင်လန်းလာခဲ့လေသည်။

လူမမာအနီးတွင်စောင့်ရင်း စာအုပ်များကို အဖော်လုပ်နေရသော ကိုတင်ဦးက ဗီရိုတွင်းမှ စာအုပ်များကို မွှေနှောက်ရင်း သူလစဉ်ပို့ခဲ့သော မဂ္ဂဇင်းများကို သေသပ်စွာ တွဲ၍ချုပ်ထားသည်ကို တွေ့မြင်ရသဖြင့် အမှတ်တမဲ့ ယူကြည့်လိုက်လေသည်။

အစီအစဉ်လိုက် သုံးအုပ်တွဲစီချုပ်ထားသော မဂ္ဂဇင်းကို လှန်လှောရင်း အထူးထုတ်စာစောင်တစ်ခုတွင် ပါသော သူရေးသည့် ဝတ္ထုရှည်တွင် မှတ်ချက်များရေးထားသည်ကို တွေ့ရသဖြင့် စိတ်ပါလက်ပါ ဖတ်လိုက်မိသည်။ မှတ်ချက်များမှာ လက်ရေးသေးသဖြင့် ဝတ္ထုရှည်ရပ်ပုံနောက်မှ လွတ်နေသော ကျောဘက်စာမျက်နှာအပြည့်ရေးထားကာ စေ့စပ်သေချာပိုင်နိုင်သော စကားလုံးများဖြင့်ရေးထားသည်ကို တွေ့ရလေသည်။ သူ့ဝတ္ထုမှ အပြစ်တွေကိုဖော်နိုင်၍ လိုနေသမျှကို ဖြည့်စွမ်းပေးနိုင်သော သတ္တိမှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုလက်ရေးရှင်တွင် ရှိနေကြောင်း သိရသည်။ အမြဲတစေ ခေါင်းနောက်၍ စိတ်ရှုပ်နေရသော မဂ္ဂဇင်းလုပ်ငန်းတွင် သွေးရင်းသားရင်းများထဲမှ ကျောထောက်နောက်ခံကောင်း တစ်ဦးတစ်ယောက်ကို မျှော်မှန်းနေမိသော ကိုတင်ဦးက အတော်ပင် ဝမ်းမြောက်အားတက်မိသည်။

"အထွေး... လာစမ်း၊ ဒါ အထွေးရေးတာတွေလား ဟေ" သူ့အနီးတွင် အကျီများကို ခေါက်ရန်ပြင်ဆင်နေသော ညီမငယ်က သူ့ကိုပြုံး၍လှမ်းကြည့်နေသည်။

စင်စစ် ထိုလက်ရေးရှင်မှာ မသိန်းဆွေအမည်ခံ စံပယ်ပင်ဖြစ်နေသည်။ သထုံဇာတိမဟုတ်သော်လည်း သထုံအဆက်ဖြစ်သည်။ ပင်စင်ယူ၍ ရန်ကုန်မှပြောင်းလာသော နယ်ပိုင်ဟောင်း၏သမီးထွေး။ စစ်မဖြစ်မီက စိန်မေရီ ၈ တန်းအထိ သင်ခဲ့ဖူးသူဖြစ်သည်။ ကိုတင်ဦးက သည်လောက်ပင် သိခဲ့ရ၍ သူ သထုံရောက်နေစဉ် မော်လမြိုင်ဘက်သို့ ခရီးထွက်နေသော စံပယ်တို့အိမ်သားစုနှင့် မတွေ့ခဲ့ရဘဲ သထုံမှပြန်ရောက်လျှင်ပင် စံပယ့်ကို သူက မေ့ပစ်ခဲ့လေသည်။

"ဘိုးတင်ဦးစတင့်ပ်မပါတဲ့ စာတစ်စောင် ပါလာတယ်ဗျာ။ ခင်ဗျားနာမည်နဲ့။ ဘိုင်ကျရတဲ့ အထဲဗျာ" ငွေကိုင်စာရေးက ခပ်ဖြီးဖြီး လှမ်း၍ပြောလိုက်သဖြင့် "ယူထားလိုက်ပါဗျာ၊ မထူးပါဘူး" ဟု ကိုတင်ဦးက လေတိုက်လိုက်သဖြင့် လွင့်ကျနေသော ပရုစာရွက်များကို လက်နှစ်ဖက်ဖြင့် ဖိရင်းပြန်ပြောလိုက်သည်။

"ငွေကော ဘယ်လောက်လာသလဲဗျာ..."

"၄၅ ကျပ်တည်းဗျာ၊ အစိတ်ကတစ်ဦး၊ နှစ်ဆယ်ကတစ်ဦး"

ပုံနှိပ်စက်နှင့် စာစီခုံများ တောင့်တောင့်တင်းတင်း ထားနိုင်ရန် အိမ်ပြန်စဉ်က ဆွဲယူလာသော ငွေတစ်ထောင့်ငါးရာ ပြန်ပေးလိုက်သဖြင့် ယခုလအတွက် စက္ကူဖိုးငွေ ပူနေရသည်။ စက်သံရပ်သွားမည်စိုးသဖြင့် စာအုပ်ဗီရိုနောက်ရှိ စက်ဘက်ကို မကြာမကြာ ကြည့်နေရသည်။

"ဒါဖြင့် ငွေယူပြီး ပြေးချေဦးဗျာ၊ ၄၅ ကျပ်ဆိုတော့ သုံးထုပ်လောက် ရကောင်းပါရဲ့"

"ဘိုင်နင်ဝင်ပြီး တစ်ခါတည်းဖြတ်ရမလား"

"အင်းပေါ့ဗျာ၊ ကျွန်တော်တို့စားဖို့လည်း တစ်ခုခု လုပ်ခဲ့ဦးဗျာ၊ ဒီနားကဆိုင်တွေ စားရတာ အီလှပြီ"

၄၂ လမ်းပြောင်းလာကတည်းက ထမင်းဆိုင်တွင် ထမင်းလခပေးစားနေရသဖြင့် တစ်ခါတစ်ရံကြုံလျှင် တရုတ်တန်းဘက်မှ စားချင်သည့် အစားအစာကို မှာ၍စားကြရသည်။

ဖိုမင်ဖြစ်သူ အလုပ်မဆင်းနိုင်သဖြင့် သူ့အတွက် လုပ်စရာရှိသမျှကို ကိုတင်ဦးကိုယ်တိုင် ဝင်လုပ်ပေးနေရသည်။

ငွေကိုင်စာရေးကို အပြင်ခိုင်းလိုက်ရသဖြင့် စာလုံးအမှားပြင်နေရာက စာရွက်များကို အသာချထားလိုက်ရင်း မန္တလေးကိုယ်စားလှယ်ထံ စာကောက်ရေးရပြန်သည်။ မန္တလေးမှ မဂ္ဂဇင်းဖိုးငွေ ယခုထိမရောက်သဖြင့် စာကို ညနေ ၂ နာရီစာသိမ်းရာတွင် ပါသွားစေချင်သဖြင့် မရှင်းရသေးသော ငွေစာရင်းများကို သေချာစွာ စိစစ်၍ ရှင်းတမ်းတစ်ခု ပြုလုပ်နေသည်။

စောစောက ဖာဆိပ်ခေါင်းမကပ်သဖြင့် ရွေးထားလိုက်ရသော စာကလေးကို အသာလှမ်းကြည့်မိရင်း ခေါင်းကိုပြန်ငုံ့ကာ ရှင်းတမ်းစာရင်းကို ဆက်လုပ်နေစဉ် စာရွက်ပေါ်သို့ အရိပ်တစ်ခု ကျလာသဖြင့် မော့လိုက်ရပြန်တော့သည်။

သူ့ရှေ့တွင် ရပ်နေသော ဧည့်သည်က စာအိတ်တစ်ခုကို လှမ်းပေးလိုက်ရင်း...။

"အဲဒီစာမူ ပေးချင်လို့" ဟု ပြောလိုက်ပြန်သဖြင့်... "ဟုတ်ကဲ့" ဟု ပြောလိုက်ရလေသည်။

"အဲဒါဗျာ"

စာမူလာပေးသူက လေရှည်တစ်ချက်ဆွဲ၍ ရပ်ထားလိုက်သည်။ ကိုတင်ဦးက မန္တလေးသို့ စာမပါမည်စိုးသဖြင့် သူ့ကို ဆက်ကြည့်မနေအားဘဲ ခေါင်းပြန်ငုံ့ကာ စာရင်းကို ဆက်လုပ်နေရသည်။

"ဒီမယ်မိတ်ဆွေ"

စာမူရှင်က မည်သို့အတွေးပေါက်သွားသည်မသိ၊ အသံမာမာနှင့် ပြောလိုက်တော့မှပင် ကိုတင်ဦးက ခေါင်းကို ဖော်လိုက်ရလေသည်။

"မသုံးရင် ဒီတစ်ရက်နှစ်ရက်အတွင်း ပြန်ယူချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အသံကမာ၍ စကားသုံးပုံက တိုတိုတုတ်တုတ်နိုင်လေသည်။ လူဖြောင့်စိတ်တိုကိုတင်ဦးက စိတ်တိုလာလေသည်။

"တစ်ရက်နှစ်ရက်အတွင်းတော့ ကျွန်တော် မဖတ်နိုင်သေးဘူးခင်ဗျာ။ ခင်ဗျားအရင်ရောက်နေတဲ့ စာမူတွေရှိသေးတယ်"

"ဒါဖြင့် ပြန်ယူသွားမယ်ဗျာ"

စာမူရှင်က မပေးရသေးသော စာမူကို လွယ်အိတ်တွင်းသို့ ပြန်ထည့်ကာ ဒေါနှင့်မောနှင့် ထွက်သွားသည်။

"အတော်ခက်တဲ့လူတွေပါလား၊ ဒါလောက်ပုံနေတဲ့ စာမူတွေကို ဘယ်လိုလုပ်ဖတ်ပြီး တစ်ရက်နှစ်ရက် အတွင်း ပြန်ပေးနိုင်မလဲ၊ ကိုယ်ချင်းမှ မစာတတ်လေတယ်"

ကိုတင်ဦးက စိတ်တိုရာက စိတ်ရှုပ်သွားသည်။ ဦးခေါင်းကလည်း မူးနောက်နောက်ဖြစ်လာသည်။ မန္တလေးကိုယ်စားလှယ်စာရင်းကို ဆက်မလုပ်တော့ဘဲ ထိုင်နေရာက ထလိုက်မိသည်။ ရုတ်တရက်ဖြစ်သဖြင့် သူ့လက်က စားပွဲပေါ်မှ စာအိတ်ကလေးကို တိုက်ချလိုက်သဖြင့် ငုံ့၍ ကောက်ရပြန်သည်။ စာအိတ်ပေါ်မှ တပ်ထားသော လိပ်စာကိုဖတ်ရင်း ရည်ရွယ်ချက်မရှိဘဲ စာအိတ်ကို ကောက်၍ ဖတ်လိုက်သည်။

ကိုတင်ဦး
ခေတ်ဆန်းမဂ္ဂဇင်းတိုက် စံပယ်
ရန်ကုန်၊ သထုံ။

ကိုတင်ဦးရဲ့ ဝတ္ထုရှည်ကို ဝေဖန်ထားတာ တွေ့သွားတယ်လို့ အထွေးကပြောပြပါတယ်။ မဂ္ဂဇင်း ဝတ္ထုရှည်အခန်းမှာ သဘောကျတဲ့ ဇာတ်လမ်းပါရင် မှတ်ချက်ရေးသားတတ်တာကတော့ ကျွန်မဝါသနာပါပဲဆိုပါတော့။

နောင်ကိုလည်း ခေတ်ဆန်းမှာပါတဲ့ စာမူတွေကို ဝေဖန်ပေးပါလို့ မှာသွားတယ်လို့ အထွေးက ပြောပါတယ်။ ဝေဖန်တာရယ် မဟုတ်ပါဘူးလေ။ စာမူတစ်ခုကို ဖတ်ပြီးတိုင်း ဖြည့်စရာတွေ၊ ဖြတ်စရာတွေကို မြင်လာတာနဲ့ ရေးထားမိတာပါပဲ။

ကိုတင်ဦးရဲ့ အလုပ်တာဝန်က များပြားလှလို့ ကျွန်မစာဟာ အနှောင့်အယှက်ဖြစ်နေမယ်ဆိုရင် မယူဘဲနေနိုင်အောင် တံဆိပ်ခေါင်း မကပ်လိုက်တာပါပဲ။

ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းပါစေ။
စံပယ်
၃၁-၆-၄၉။

မမျှော်လင့်ဘဲ ရောက်လာသော စံပယ့်ထံမှစာက တိုတောင်း၍ ပြတ်တောက်လှလေသည်။ ကိုတင်ဦးက ချက်ချင်း ပြန်စာရေးပို့လိုက်သဖြင့် ဒုတိယအကြိမ်ရောက်လာသောစာမှာ ကရုဏာကြွယ်ဝသော စကားလုံးများသုံးထား၍ ပထမစာထက်ပို တိုတောင်းပေသည်။

ဒုတိယအကြိမ် ပြန်စာကို ရလာသောအခါတွင် ကိုတင်ဦးက သူ့ဘဝတွင် တွေ့ကြုံရင်ဆိုင်နေရသော ဒုက္ခများကို ဖွင့်ဟတိုင်တန်း၍ ထိုဒုက္ခများ ပျောက်ကွယ်ဆုံးရှုံးရာ နှစ်သိမ့်ကြည်နူးဖွယ်ကောင်းသော ဘဝအခြေတွင် စံပယ်က ရောက်ရှိနေပါပြီဟု အတိအလင်း ဖွင့်ရေးလိုက်သော စာ၏နောက်တွင် ရရှိသောစာများမှာ ကြွယ်ဝကြင်နာသော ကရုဏာများနှင့် စာရှည်ကြီးများ ဖြစ်လေသည်။

သည့်လိုဖြင့် စံပယ်နှင့် ကိုတင်ဦးတို့ အပြန်အလှန် စာများရေးပို့နေခဲ့ကြသည်။ လပေါင်းများစွာ ဆက်ဆံလာသောအခါတွင် ကဗျာဆန်သော စံပယ်က မာနကြီးတတ်၍ အမှတ်ထားတတ်ကြောင်းနှင့် ပိုင်နိုင်သောစိတ်ထားရှိသလောက် ကဗျာမဆန်ကတတ်သော ကိုတင်ဦးက ပျော့ပျောင်းလွယ်ကူသောစိတ်ဖြင့် မာနမရှိဘဲ အရှုံးပေးတတ်သူဖြစ်ကြောင်းကို သိလာခဲ့ကြသည်။ သည့်လိုကြောင့်ပင် စံပယ်က ကိုတင်ဦးအတွက် ကရုဏာဒေါသဖြင့် ဖြေဖျောက်နှစ်သိမ့်၍ အားပေးနေခဲ့ရလေသည်။ ယခုမူ စာနှင့်ပင်မဟုတ်တော့ဘဲ စံပယ်ကိုယ်တိုင် သူ့အနားသို့ရောက်လာ၍ သူ၏ဒုက္ခများအတွက် ဒိုင်းသဖွယ် ခံကာကွယ်ပေးတော့မည်ဖြစ်၍ မာနချ၍ အမြဲတန်း ဒူးထောက်အရှုံးပေးခဲ့ရသော သူ၏ပတ်ဝန်းကျင်ကို စံပယ်က ကူညီအားပေး၍ ပြုပြင်တော့မည်ဖြစ်သည်။ ကဗျာဆန်၍ စိတ်ကူးယဉ်စွာ ရေးသားဖျော်ဖြေခဲ့သော စံပယ်၏ နှစ်သိမ့်ကြည်နူးဖွယ်ကောင်းလှသော စာသားကလေးဖြင့်သာ ကျေနပ်ခဲ့ရသော ကိုတင်ဦးက စံပယ်၏ သာယာချိုအေးအသံကို ကြားနိုင်တော့မည်ဖြစ်သည်။

နာရီက ခြောက်နာရီခွဲရန် ၁၀ မိနစ်သာ လိုတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမရွယ်တစ်ယောက်သည် သူ့ရှေ့မှ နီးကပ်စွာ ဖြတ်လျှောက်သွားသဖြင့် ရုတ်တရက် လန့်သွားမိသည်။ ထိုမိန်းမပျို၏ နောက်တွဲဆံထုံးဘေးတွင် မည်သည့်ပန်းကိုမှ ပန်မထားသဖြင့် ကိုတင်ဦး၏ရင်က တဒိန်းဒိန်း ခုန်နေရာမှ ရပ်သွားကာ လှုပ်ရှားနေသော စိတ်ကလည်း ငြိမ်သွားလေသည်။

စံပယ်က သူ့ကို ကိုတင်ဦးသိနိုင်ရန် စံပယ်ပန်းအခိုင်များကို ပန်လာမည်ဟု စာထဲတွင် ရေးလိုက်လေသည်။ ပန်းအဖြစ်သာသိ၍ အမျိုးအမည်သေချာခွဲခြားနားမလည်သော ကိုတင်ဦးက စံပယ့်ကိုသိနိုင်ရန် ကြိုးစားရတော့သည်။

"ကိုကြည် ဈေးထဲမှာ စံပယ်ပန်းဝင်ဝယ်ခဲ့စမ်းဗျာ၊ အခိုင်တဲ့နော်၊ ချွေထားတာမဟုတ်ဘူး"

ကိုတင်ဦးက ဖိုမင်ကိုကြည်အား ညနေအလုပ်ဆင်းချိန်တွင် ငွေ ၁ ပေး၍ စံပယ်ပန်းမှာလိုက်ရသည်။

နောက်တစ်နေ့ ကိုကြည်ဈေးကဝယ်လာသော စံပယ်ပန်းအခိုင်များကို သေချာစွာကြည့်၍ မှတ်သားနေရသည်။ သည်လို သုံးလေးရက်ဆက်၍ စံပယ်ပန်းဝယ်ကာ ကြည့်ထားလိုက်မှ စံပယ်ကို သူက မှတ်မိသွားသည်။

စံပယ်ပန်းကို ကြိုက်နှစ်သက်သော စံပယ်က စံပယ်ပန်းကလေးလိုပင် ဖြူဖြူဖွေးဖွေးနေမလား၊ စံပယ်နံ့ကသင်းချိုကြည်အေးသလိုပင် စံပယ်၏အတွင်းစိတ်ဓာတ်က ဖြူဖွေးကြည်အေးချိုသာနေမှာပဲလား။ သည်လိုပဲ နေလိမ့်မည်ဟု သူက ထင်မိသည်။ ဥစ္စာမန ဂုဏ်အရှိန်ကင်းဝေးကာ အထင်သေးလောက်သော သူ့လိုလူကိုပင် မြှောက်စားချစ်ခင်တတ်သော စံပယ်က သည်စံပယ်ပန်း၏ ရိုးသားတည်ကြည်၍ ချိုအေးဖြူစင်သော အရည်အချင်းနှင့် ပြည့်စုံသူဖြစ်နိုင်ပေသည်။

ဒါပေမဲ့ ကိုတင်ဦး မစံပယ်ကိုတွေ့ရန် သွားရမည့်အချိန်တွင် သူ့မျက်နှာကို မှန်ထဲတွင် သေချာကြည့်၍ သံသယ ဖြစ်နေမိသည်။ ဖခင်ကြီး၏ တည်ကြည်သော မျက်နှာက မိခင်ကြီး၏ နူးညံ့သိမ်မွေ့သောအလှတို့ဖြင့် ရောစပ်နေသော ညီမချောကလေးနှင့် လုံးဝမတူဘဲ ပိန်ချုံးသွယ်လျ၍ ချောင်ကျလျက်ရှိသော သူ့ကို စံပယ်က ဘယ်လိုသဘောထားမလဲဟု တွေးတောပူမိသည်။ သို့သော် လာမယ့်ဘေး ပြေးတွေ့ဆိုသလိုပင် တွေးတောပူပင်မနေတော့ဘဲ စံပယ်၏ သဘောထား အမှန်ကိုသာ အမြန်သိချင်လှလေပြီ။

ကိုတင်ဦးက သူ့ကိုယ်သူ ငုံ့၍ကြည့်မိပြန်သည်။ ရှပ်အင်္ကျီလက်ရှည်စုံချလျက် ကြယ်သီးအပြည့်တပ်ကာ ခါးတွင် အနက်ရောင်အောက်ခံနှင့် ငွေရောင်မန်ကျည်းစေ့ကွက် မြောက်ပြင်လုံချည် တစ်ပတ်နွမ်းကို ဝတ်ထားသည်။

ကိုတင်ဦးကမူ ဘာပဲဖြစ်ဖြစ် စံပယ့်ကို အထင်ကြီးလျက် ရှိနေလေသည်။ စံပယ်က သူ့အလုပ်တွင် ဦးစီးခေါင်းဆောင်၍ လုပ်ကိုင်ကာ တိကျသေချာသော ဆုံးဖြတ်ချက်များဖြင့် သူ့အားအကူအညီပေးနိုင်မည်ဖြစ်လေသည်။

လပေါင်းများစွာ စာချင်းဆက်သွယ်ခဲ့သဖြင့်လည်း စံပယ်က သူ့အပေါ်တွင် သံယောဇဉ်ဖြစ်၍ ခင်မင်တွယ်တာလျက် ရှိနေမည်ဖြစ်သည်။ နောက်ဆုံး သူက စံပယ့်ကို ဘဝအဖော်အဖြစ် လက်ထပ်ပါရစေတော့ဟူ၍ တောင်းပန်သည့်တိုင်အောင် စံပယ်က ငြင်းလိမ့်မည်မဟုတ်ဟု သူ ယုံကြည်မိသည်။

အချိန်က ခြောက်နာရီခွဲပြီဖြစ်၍ ရုပ်ရှင်ရုံရှေ့ လမ်းမပေါ်တွင် လူများရှင်းစပြုနေလေသည်။ ထိုအခိုက်တွင် ရေကျော်ဘက်မှ မောင်းလာသော ကားတစ်စီးက ဘုရင့်ရုံရှေ့တွင် ထိုးဆိုက်လိုက်ကာ ရုပ်ရှင်ကြည့်ရန် နောက်ကျနေသော လူသိုက်တစ်စု ခပ်သုတ်သုတ်ဆင်းလာကြသည်ကို တွေ့ရလေသည်။ ထိုလူသိုက်ထဲမှ မိန်းမပျိုတစ်ဦးက အိပ်ဆဲစီယာရုံဘက်သို့ ခွဲ၍ထွက်လာသည်ကို တွေ့ရသဖြင့် ကိုတင်ဦးက တဒုန်းဒုန်းခုန်ကာ လှုပ်ရှားနေသော စိတ်ကို ထိန်းထားလိုက်ရင်း သူ့လက်ထဲမှ ခေတ်ဆန်းမဂ္ဂဇင်းကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိလေသည်။

ထိုမိန်းမပျိုက သူ့ရှေ့တည့်တည့်ကိုပင် လျှောက်လာပြီး သူ့ကိုဖြတ်ကျော်၍ အိပ်ဆဲစီယာရုံဘေးရှိ လက်ဖက်ရည်ဆိုင်ထဲသို့ တန်းတန်းမတ်မတ် ဝင်သွားတော့သည်။

သူ့ရှေ့မှ နီးကပ်စွာဖြတ်သွားသဖြင့် မွှေးကြိုင်သင်းပျံ့သော ကိုယ်နံ့ကလေးဖြင့် တင်းရင်းစိုပြေသောကိုယ်လုံးရှင် မိန်းမပျိုကလေး၏ ကြည်လင်ဝင်းပသော မျက်နှာထားကလေးက သူ့စိတ်ကို ပိုမိုလှုပ်ရှားစေတော့သည်။ ထိုမိန်းမပျို၏ ဆံထုံးဘေးတွင် ပန်ထားသော ပန်းပွင့်ကလေးက သူ့စိတ်ကို သံသယဖြစ်စေ၍ ဝေခွဲမရနိုင်သော်လည်း ကြော့ရှင်းလှပ သိမ်မွေ့နူးညံ့သော မျက်နှာပိုင်ရှင်ကလေးကိုကား ခုံမင်တပ်မက်နေလေသည်။ ရွှန်းပစိုပြည်သော အသားအ

www.burmeseclassic.com

www.burmeseclassic.com



ရေနှင့် ကြည်လင်တောက်ပသော မျက်နှာမူကလည်း ကျွန်မ စံပယ်ပါဟု ထုတ်ဖော်ဝန်ခံသယောင် ထင်မိသည်။ ကိုတင်ဦးက သူ၏စိတ်ကို ရှင်းလင်းဝေခွဲနိုင်ရန် ထိုမိန်းမပျိုကိုပင် သွားတွေ့တော့မည်ဟု ဆုံးဖြတ်လိုက်ကာ လက်ဖက်ရည် ဆိုင်တွင်းသို့ ဝင်လိုက်သွားတော့သည်။

စံပယ်ပန်းကို သူက ကြိုးစားပမ်းစား လေ့ကျက်ထားသဖြင့် ကောင်းစွာသိနေပေပြီ။ လက်ဖက်ရည်ဆိုင်အတွင်းသို့ သူဝင်လိုက်မိလျှင်ပင် သူ့ကို စံပယ်က ကြိုဆိုနေသည်။ အဝင်တံခါးဝအနီးရှိ စားပွဲဝိုင်းတွင် စံပယ်ပန်းအခိုင်များကို ထိုးစိုက်၍ ပန်ထားသော စံပယ်ကို သူတွေ့ရသည်။

စောစောက မိန်းမပျိုကမူ အတွင်းကျကျ စားပွဲတစ်နေရာတွင် ဣန္ဒြေရစွာ ထိုင်နေရာက သူ့ကိုလှမ်းကြည့်လိုက်သော ကိုတင်ဦး၏ မျက်လုံးများနှင့် ဆိုင်မိလျှင်ပင် မသိမသာ ပြုံး၍ပြလိုက်သည်။

ကိုတင်ဦးက သူ့စိတ်ကို ရုတ်ခြည်းဆုံးဖြတ်ဝေခွဲရန် ကြိုးစားနေရာသည်။ လပေါင်းများစွာ ခင်မင်ရင်းနှီး၍ သံယောဇဉ်ကြီးဖြစ်နေသော စံပယ်ကို ယခု သူတွေ့ရပြီဖြစ်သော်လည်း စောစောက မိန်းမပျို၏ ရိုးသားဖြူစင်သော ရုပ်ပါရုံကို သူက တပ်မက်မောနေမိသည်။ သို့သော်လည်း သူ့ဘဝအတွက် အမြတ်နိုးကြီး မြတ်နိုး၍ အားကိုးအားထားပြုကာ ခင်မင်မှုကို လက်ခံ၍ ယုယနှစ်သိမ့်ပေးခဲ့သော စံပယ်ကိုလည်း သူက လက်လွှတ်မခံနိုင်ပေ။

သူတစ်ခု ဝမ်းနည်းမိသည်မှာ စောစောက မိန်းမပျိုသည် စံပယ်မဟုတ်မှန်း သိရသောကြောင့်ဖြစ်သည်။

ကိုတင်ဦးက ခေတ်ဆန်းမဂ္ဂဇင်းကို ဒေါင်လိုက်ထောင်၍ ရင်တွင်ကပ်ထားလိုက်ရင်း စံပယ်ထိုင်နေရာသို့ သွားကာ ခေါင်းကိုအသာညိတ်၍ ခပ်တိုးတိုးပြောလိုက်သည်။

"ကျွန်တော် ကိုတင်ဦးပါပဲ။ စံပယ်မဟုတ်လား ခင်ဗျာ"

အဝလွန်၍ အိနေသော ခန္ဓာကိုယ်ကြီးကို အသာတွန့်ရင်း မေးအောက်တွင် တစ်ခုပေါ်တစ်ခု ထပ်လျက်သား ခွက်နေသော ပါးရေကိုရှုံ့ကာ ခေါင်းပေါ်မှ စံပယ်ပန်းအခိုင်များကို ဖြုတ်လိုက်ရင်း အသက်သုံးဆယ်ခန့်ရှိ မိန်းမကြီးက ခပ်ကြောင်ကြောင် ပြုံးလိုက်ရင်း...။

"အဒေါ်လည်းမသိပါဘူးမောင်ရင်ရယ်။ ဟိုသူငယ်မက အဒေါ် ဒီပန်းတွေပန်ပြီး ဒီမှာထိုင်နေပါ။ စံပယ်မဟုတ်လားလို့ လာမေးရင် သူ့ဆီကို လွှတ်လိုက်ပါတဲ့ကွယ်"

"ကျေးဇူးတင်ပါတယ် အဒေါ်" ဟု ပြောကာ ကိုတင်ဦးက သူ့ခြေတံရှည်ကြီးကို သိမ်းလိုက်ပြီး စောစောက မိန်းမပျိုထိုင်နေရာသို့ သုတ်ခြေတင်သွားလေတော့သတည်း။

❖

၁၉၅၂၊ အောက်တိုဘာ၊ မြဝတီမဂ္ဂဇင်း

BURMESE CLASSIC .com

www.burmeseclassic.com